# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# တတိယပုံမှန်အစည်းအဝေး
# (၁၉) ရက်မြောက်နေ့ မှတ်တမ်း



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁–၁၂–၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ပြည်သူ့ဝန်ထမ်းများ ပြည်သူ့အကျိုးအတွက် ခရီးသွားလာရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခံစားမှုရရှိစေရန် မြန်မာနိုင်ငံခရီးစရိတ် လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား Sanction နှင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မကျီးကျွန်း ကိုယ်ထူကိုယ်ထကျောင်းအား အ.မ.က– Sanction ဖြင့် ထားပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လှိုင်လင်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဖိုးမြတ်၊ မူဆယ် မဲဆန္ဒနယ်၏ **မူဆယ်မြို့ ခုတင်(၁၀၀) ဆေးရုံ မြေနေရာအတွက် မူလလျာထားသတ်မှတ်ပေးခဲ့သည့် မြေဧရိယာ အကျယ်အဝန်းအတိုင်း ပြန်လည်ထားရှိပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ရီ၊ ဟသ်ာတ မဲဆန္ဒနယ်၏ **ဟသ်ာတမြို့ ပြည်သူ့ဆေးရုံတွင် ဆောက်လက်စ တိုးချဲ့ဆေးရုံ(၄)ထပ် အဆောက်အဦအား ဆက်လက် ဆောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ကျောက်ကြီးမြို့နယ်၊ မုန်းဒေသ တိုက်နယ်ဆေးရုံမှ ပြောင်းရွှေ့သွားသော ဆရာဝန်နေရာ၌ ပြန်လည် အစားထိုးခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **ချောက်မြို့ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ ဆေးရုံကို ခုတင်(၅၀)ဆံ့ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် လင်းတကိုင်း တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းတို့အတွက် ၂၀၁၇ ခု၊ မတ်လ(၃၁)ရက်နေ့ မတိုင်မီ အပြီးဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်**

**(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၀၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ်ဦးရေ ၄၀၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၂) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

**မူကြမ်း**

(၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်နှင့်

(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ပြည်သူ့ဝန်ထမ်းများ ပြည်သူ့အကျိုးအတွက် ခရီးသွားလာရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခံစားမှုရရှိစေရန် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်က ပြည်သူ့ဝန်ထမ်းများရဲ့နစ်နာမှု ခေတ်ကာလနှင့်မဆီလျော်တော့တဲ့ ပြဋ္ဌာန်းချက်၊ သတ်မှတ်ချက်တွေကို ပြင်ဆင်ပေးစေလိုတဲ့ဆန္ဒနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ခရီးစရိတ်နှင့်ပတ်သက်လို့ FR-32 အရ ဝန်ထမ်းများ ပြည်သူ့အကျိုးအတွက် ခရီးသွားလာရာမှာ ကုန်ကျစရိတ်ကာမိဖို့ ထုတ်ပေးတဲ့စရိတ်လို့ဖော်ပြထားပြီးတော့ FR-95 အရ တာဝန်ဝတ္တရားဆောင်ရွက်ရာမှာ မလွှဲမရှောင်သာအမှန်ကုန်ကျခဲ့သော အသုံးစရိတ်များကို ကာမိစေရန် ထုတ်ပေးသောစရိတ်လို့ ဖော်ပြထားတဲ့အပြင် FR-44 အရ လက်ခံရရှိသူဝန်ထမ်းအတွက် အမြတ်အစွန်းမဖြစ်စေရလို့ သတ်မှတ်ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါကြောင့် မူလအခြေခံနည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပြဋ္ဌာန်းချက်၊ သတ်မှတ်ချက်တွေကို ပြင်ဆင်ရန် လိုအပ်တာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ မိုင်နှုန်းစရိတ်၊ နယ်လှည့်ခရီးစရိတ်၊ နယ်ပြောင်းခရီးစရိတ်၊ သယ်ဆောင်ခ၊ တင်ချခတို့နဲ့ပတ်သက်လို့ တင်ပြချင်ပါတယ်။ ပထမအချက်အနေနဲ့ ခရီးစရိတ်ဥပဒေပါ ပြဋ္ဌာန်းချက်များထဲက ရထား၊ သင်္ဘော၊ ကားမရှိတဲ့နေရာတွေကို မိုင်နှုန်းစရိတ်နှင့်ပတ်သက်လို့ ခွင့်ပြုနှုန်းက ဝန်ထမ်းအဖွဲ့အစည်းများရဲ့ရာထူးအဆင့် (၁)၊ (၂)၊ (၃) က တစ်မိုင်ကို ၇၅ ပြားနှုန်း၊ အဆင့်(၄)၊ (၅)က ပြား ၅၀ နှုန်း၊ အဆင့်(၆)၊ (၇)က ၃၈ ပြားနှုန်း၊ အဆင့် (၈)၊ (၉)၊ (၁၀) က ၂၅ ပြားနှုန်းနဲ့ အဆင့် (၁၁)နဲ့အောက်ကိုတော့ ၁၃ ပြားနှုန်းဖြစ်တဲ့အတွက် လက်ရှိခေတ်ကာလနှင့် လုံးဝဆီလျော်မှုမရှိတာတွေ့ရပါတယ်။

ဒုတိယအချက် နယ်လှည့်ခရီးစရိတ်အနေနဲ့ Burma Travelling Allowance Manual မှာပါတဲ့ ခရီးစရိတ်နည်းဥပဒေ ၈၅ အရ ရာထူးအဆင့် ရထား၊ သင်္ဘောနဲ့သွားတဲ့အခါမှာ ရာထူးအဆင့် (၁)၊ (၂)၊ (၃)က မိုင် ၁၀၀ အထိ အထက်တန်း တစ်ဆ၊ မိုင် ၁၀၀ အထက် နောက်တစ်ဆအတွက်ကို

ခြောက်ကျပ်ထက်မပိုတဲ့ အပိုကြေး၊ အဆင့်(၄)ကနေ (၉)အထိ မိုင် ၁၀၀ အထက်ကို အထက်တန်း တစ်ဆခွဲ အဆင့်(၁၀) အနေနဲ့ အထက်တန်းတစ်ဆနဲ့ ရိုးရိုးတစ်ဆ၊ အဆင့်(၁၁)၊ (၁၂)က အထက် တန်းတစ်ဆ သို့မဟုတ် ရိုးရိုးတန်းသုံးဆ၊ အခြားအဆင့်က ရိုးရိုးတန်း တစ်ဆနှင့် နေ့တွက်စရိတ် ခွင့်ပြုထားတာတွေ့ရပါတယ်။ မော်တော်ကားနဲ့ခရီးသွားတဲ့အခါကျတော့ ဦးစီးအရာရှိနဲ့အထက် အဆင့်ကိုတော့ မော်တော်ကားခရဲ့လေးဆ၊ ပြန်တမ်းဝင်မဟုတ်တဲ့ရာထူးနဲ့ စာရေးဝန်ထမ်းအဆင့်ထိကို တော့ သုံးဆနဲ့ အခြားအဆင့်ကိုတော့ တစ်ဆနဲ့နေ့တွက် ခွင့်ပြုထားတာတွေ့ရပါတယ်။ တတိယအချက် နယ်ပြောင်းခရီးစရိတ်အနေနဲ့လည်း ရထား၊ သင်္ဘောနဲ့သွားတဲ့အခါမှာ ရာထူးအဆင့် ၁ ကနေ ၉ အထိ အထက်တန်းသုံးဆ၊ ရာထူး ၁၀ ကနေ ၁၂ အထိ အထက်တန်းနှစ်ဆ၊ ကျန်အဆင့်ကိုတော့ ရိုးရိုးတန်း သုံးဆခွင့်ပြုထားပြီးတော့ မော်တော်ကားနဲ့ခရီးသွားတဲ့အခါမှာ ဦးစီးအရာရှိနဲ့အထက်အဆင့်ကိုတော့ ခြောက်ဆ၊ ပြန်တမ်းဝင်မဟုတ်သူနဲ့ စာရေးဝန်ထမ်းအဆင့်ကိုတော့ လေးဆ၊ အခြားအဆင့်ကိုတော့ သုံးဆ ခွင့်ပြုထားတာတွေ့ရပါတယ်။ တင်ပြထားတဲ့နှုန်းထားတွေက ယခင်ကနှုန်းထားတွေက သင့်လျော်ပေမယ့် လက်ရှိယာဉ်ခနှုန်းတွေက အလွန်စျေးကြီးနေတဲ့အချိန်မှာ FR-44 အရ ပြဋ္ဌာန်းထား တဲ့အမြတ်အစွန်းမဖြစ်စေရဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာကို တွေ့ရပါတယ်။ FR-32 နဲ့ FR-95 ပါ ပြဋ္ဌာန်းချက်တွေအရ ကုန်ကျစရိတ်တွေကာမိဖို့အတွက် ထိုက်သင့်တဲ့အဆနှုန်းကိုလည်းပဲ ပေးသင့်တာတွေ့ရတဲ့အတွက် ပြင်ဆင်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြချင်ပါတယ်။ နောက်ဆုံး အနေနဲ့ အများပြည်သူသုံးယာဉ်များ သွားလာမှုမရှိတဲ့နေရာဒေသတွေကို ပြောင်းရွှေ့ရတဲ့အခါမှာ သယ်ဆောင်ရတဲ့ပစ္စည်းခတွေအတွက် တင်ခ၊ ချခတွေနဲ့ပတ်သက်လို့ ပိဿာ ၂၀ ကို ၂၅ ပြားနှုန်းနဲ့ သတ်မှတ်ပေးပြီးတော့ သယ်ဆောင်ခတွေကို နှစ်မိုင်နဲ့အထက် လှေ၊ မော်တော်နဲ့သွားတဲ့အခါမှာ ၃ ပြား၊ လှည်း၊ အခြားယာဉ်နဲ့သွားတဲ့အခါမှာ ၆ ပြား၊ မြင်း၊ လား၊ ကျွဲ၊ နွားနဲ့သွားတဲ့အခါမှာ ၉ ပြား၊ အထမ်းသမားအတွက် ၁၃ ပြား ခွင့်ပြုထားပြီးတော့ နှစ်မိုင်အတွင်းဆိုလို့ရှိရင် လှေ၊ မော်တော်နဲ့ ၆ ပြား၊ လှည်း၊ အခြားယာဉ်နဲ့ ၁၃ ပြား၊ မြင်းတို့၊ လားတို့၊ ကျွဲနွားတို့အတွက် ၁၉ ပြားနဲ့ အထမ်းသမား အတွက် ၂၅ ပြားနှုန်းတွေသတ်မှတ်ခွင့်ပြုထားတဲ့အတွက် ခေတ်ကာလနှင့်ဘယ်လိုမှ မဆီလျော်တာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းက မြန်မာနိုင်ငံခရီးစရိတ်လက်စွဲဥပဒေပါ ခေတ်ကာလနဲ့ ဆီလျော်အပ်စပ်မှုမရှိတဲ့ ဥပဒေပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ မည်သည့်အချိန်ကာလတွင် ပြင်ဆင်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြည်သူ့

ဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ရဲ့မေးခွန်းနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများ တာဝန်နဲ့ ခရီးသွားလာရာမှာ မြန်မာနိုင်ငံခရီးစရိတ်နည်းဥပဒေ(Travelling Allowance Manual) ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုလျက်ရှိသကဲ့သို့ အချို့စရိတ်များဟာ ခေတ်ကာလနှင့်မကိုက်ညီတော့တဲ့ အတွက် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခဲ့တဲ့နှုန်းထားများအရလည်း ခံစားခွင့်ပြုလျက်ရှိပါတယ်။ မြန်မာနိုင်ငံခရီးစရိတ်လက်စွဲမှာပါဝင်တဲ့ ခရီးစရိတ်အမျိုးအစားများအနက် ခရီးသွားနေ့တွက်စရိတ် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၂၁-၁၂-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်၊ (၃၀၈၆/၂၀၁၅)ဖြင့် ယခင်နေ့တွက်စရိတ် ၁၇၀၀ ကျပ် အစား ကျပ် ၃၀၀၀ သို့ တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပါတယ်။

ခရီးသွားနေ့တွက်စရိတ်နှင့်ပတ်သက်လို့ တိုးမြှင့်ပြင်ဆင်ပေးခဲ့တဲ့မှတ်တမ်းများကို ပြန်ကြည့်တဲ့ အခါမှာ ၁၉၇၉ ခုနှစ်အထိ ၁၀ ကျပ်သာ ရှိခဲ့ရာမှ ၁၉၈၉ ခုနှစ်မှာ ၁၅ ကျပ်သို့ ပြင်ဆင်ပေးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ၁၁၀၀ ကျပ်သို့ ပြင်ဆင်ပေးခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်မှာ ၁၇၀၀ ကျပ်သို့ ပြင်ဆင်ပေးခဲ့ပြီး ယခုနောက်ဆုံး ကျပ် ၃၀၀၀ သို့ တိုးမြှင့်ပြင်ဆင်ပေးထားတာ ဖြစ်ပါတယ်။ လက်ရှိကာလမှာ တာဝန်ဖြင့်ခရီးသွားလာတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ အမှန်တကယ် ကုန်ကျတဲ့ခရီးစရိတ်များကို ခွင့်ပြုပေးပိုင်ခွင့်ရှိသူ ဌာနအကြီးအကဲရဲ့ ထောက်ခံချက်၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်ရဲ့ထောက်ခံချက်တို့ဖြင့် တင်ပြလာပါက ခွင့်ပြုပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံခရီး စရိတ်လက်စွဲမှာ လစာနှုန်းအဆင့် ၁၁ ဆင့် ခွဲခြားသတ်မှတ်ပြီးတော့ သာမန်ဒေသနှုန်းနှင့် အထူးဒေသနှုန်းဆိုပြီးတော့ ခွဲခြားခွင့်ပြုခဲ့တဲ့ မိုင်နှုန်း

စရိတ်များအစားကို သက်ဆိုင်ရာဒေသအာဏာ ပိုင်က သတ်မှတ်ထားတဲ့ ယာဉ်စီးခနှုန်းထားများအရ အများပြည်သူသုံးယာဉ်ဖြင့်သွားလာပါက အမှန်တကယ်ကုန်ကျတဲ့ခရီးစရိတ်ကို ပြေစာအထောက် အထားဖြင့် ခွင့်ပြုပါတယ်။ အများပြည်သူသုံး ယာဉ်မရှိတဲ့ဒေသတွေမှာသွားလာပါက သက်ဆိုင်ရာ ဒေသအာဏာပိုင်က သတ်မှတ်ပေးထားတဲ့နှုန်း ထားဖြင့်ခွင့်ပြုပါတယ်။ ပြောင်းရွှေ့ခရီးနှင့် နယ်လှည့် ခရီးတို့အတွက် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ မီးရထားခများနှင့် ယာဉ်စီး ခများကို အဆနှုန်းဖြင့်ခွင့်ပြုခြင်းအစား ခရီးသွားခဲ့တဲ့ယာဉ်လက်မှတ်၊ ပြေစာတို့ဖြင့် တင်ပြပါက အမှန် တကယ်ကုန်ကျတဲ့ခရီးစရိတ်အဖြစ် ခွင့်ပြုပေးလျက်ရှိပါတယ်။ အမှန်တကယ်ကုန်ကျတဲ့ ခရီးစရိတ် အတွက် ခရီးသွားခဲ့တဲ့ယာဉ်လက်မှတ် အထောက်အထားမရရှိနိုင်တဲ့အခြေအနေမျိုးမှာဆိုရင်တော့ သက်ဆိုင်ရာဒေသအာဏာပိုင်၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စတဲ့ ဌာနတွေက ခေတ်ကာလနှင့်အညီ ပြောင်းလဲပြင်ဆင်ပြီးတော့ သတ်မှတ်ပေးတဲ့နှုန်းများအရ ခွင့်ပြု လျက်ရှိပါတယ်။ ဝန်ထမ်းများတာဝန်နဲ့ ပြောင်းရွှေ့တဲ့နေရာမှာ ပစ္စည်းသယ်ယူခြင်းများအတွက် တန်ဆာခကို မြန်မာနိုင်ငံခရီးစရိတ်လက်စွဲမှာ ပြဋ္ဌာန်းထားတဲ့၊ သယ်ယူခွင့်ရှိတဲ့ သတ်မှတ်အလေးချိန် အတွင်း အမှန်တကယ်သယ်ယူတဲ့အလေးချိန်ကို ပစ္စည်းသယ်ယူခနှုန်းထားများဖြင့် ခွင့်ပြုခြင်းအစားကို သက်ဆိုင်ရာဒေသအာဏာပိုင်၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့က ခေတ်ကာလနှင့်အညီ ပြောင်းလဲပြင်ဆင်သတ်မှတ် ပေးတဲ့တန်ဆာခနှုန်းထားများအရ အမှန်တကယ် ကုန်ကျတဲ့စရိတ်အဖြစ် ခွင့်ပြုပါတယ်။

အဆိုပါ အမှန်တကယ်ကုန်ကျခဲ့တဲ့ခရီးစရိတ်များကို ခွင့်ပြုတဲ့ကိစ္စရပ်များနှင့်ပတ်သက်ပြီး အထောက်အထားပြည့်စုံစွာနဲ့တင်ပြရပြီးတော့ ခေတ်ကာလနှင့်လျော်ညီခြင်း အမှန်တကယ်ကုန်ကျတဲ့ စရိတ်များဖြစ်ခြင်းတို့ကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း ကန့်ကွက်မှုမရှိခဲ့ပါ။ လက်ရှိ အခြေအနေမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ၁၉၈၆ ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ဌာန၊ အဖွဲ့ အစည်းများက လုပ်ငန်းဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ အမိန့်ကြော်ငြာစာ(ဘဏ္ဍာရေးစည်းမျဉ်း)ကို ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်ပါပူးပေါင်းပြီးတော့ ပြင်ဆင်လျက်ရှိပါတယ်။ ၎င်းဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း ဟာ မကြာမီပြီးစီးမှာဖြစ်ပါတယ်။ ပြင်ဆင်ပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ နိုင်ငံ့ဝန်ထမ်းများ နိုင်ငံ့အကျိုးအတွက် ခရီးသွားလာရာမှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခံစားမှုရရှိ စေရန်နှင့် ခေတ်ကာလနှင့်လျော်ညီအောင် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များ

ပြင်ဆင်ပေးရန်ကိစ္စရပ်များကို ဆက်လက်သုံးသပ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါတယ်။ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရတဲ့နေရာမှာ ဝန်ထမ်းများအမှန်တကယ်ကုန်ကျခဲ့တဲ့ ခရီးစရိတ်များကို ခံစားခွင့် ရရှိစေရန်နှင့် လက်ခံရရှိတဲ့ဝန်ထမ်းအတွက် အမြတ်အစွန်းမဖြစ်စေရန်စတဲ့ အခြေခံစည်းမျဉ်းများကို ထည့်သွင်းစဉ်းစားပြီး ဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပညာရှင်များရဲ့ အကြံ ဉာဏ်များကိုပါရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပေးတဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ကျွန်းစုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား Sanction နှင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ နှင့် မကျီးကျွန်း ကိုယ်ထူကိုယ်ထကျောင်းအား အ.မ.က - Sanction ဖြင့် ထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ မေးမြန်းလိုသည့်မေးခွန်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစု မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြပါကျောင်းများကို Sanction နှင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။ မေးမြန်းရခြင်းအကြောင်းအရင်းမှာ ရေမြစ်ကြီးကျေးရွာအုပ်စု မကျီးကျွန်းကျေးရွာသည် ပြည်ထဲရေးလက်အောက်တွင် တရားဝင်အသိအမှတ်ပြုထားခြင်းခံရပြီးဖြစ် သော်လည်း ကျောင်းသား ၁၂၃ ဦး တက်ရောက်သင်ကြားနေသည့် ကိုယ်ထူကိုယ်ထ အ.မ.က ကျောင်းသည် လွန်ခဲ့သည့် ၁၂ နှစ်ကပင် ကျေးရွာရှိ လုပ်ငန်းရှင်များနှင့် ကျေးရွာသူကျေးရွာသားများ ပူးပေါင်း၍ ဆရာဆရာမများကို ပံ့ပိုးကူညီပေးပြီး ပညာသင်ကြားနေသော ကိုယ်ထူကိုယ်ထကျောင်း တစ်ကျောင်းဖြစ်ခြင်းကြောင့် ပညာရေးဌာန၏ အထောက်အပံ့တစ်စုံတစ်ရာကို မရရှိခဲ့ပါ။ ကျောင်းသားအရေအတွက်မှာ နှစ်စဉ်တိုးတက်လာ၍ နိုင်ငံတော်မှ အထောက်အပံ့ရရှိနိုင်ရန် အ.မ.က - Sanction ကျောင်းအဖြစ် ချထားပေးရန် ဒေသခံပြည်သူများမှ အကြိမ်ကြိမ်တင်ပြတောင်းဆိုလာခဲ့ ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မင်းဂုတ် အ.လ.က(ခွဲ)မှ အလယ်တန်းအဆင့်တိုးမြှင့်ပေးပါရန် အဆင့်မြှင့် ကျောင်းသည် အ.လ.က(ခွဲ)ဖြင့် ပညာသင်ကြားနေသည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်ပါ၍ သဇင် အ.ထ.က(ခွဲ)ကျောင်းနှင့် ရေလမ်းခရီး ၁၀ မိုင်ခန့် ကွာဝေးပြီး ကျောင်းသားအများစုသည် သဇင် အ.ထ.က(ခွဲ)ကျောင်းသို့ သွားရောက်ပညာသင်ကြားရာမှာ ငွေရေးကြေးရေးအခက်အခဲနှင့် ရေလမ်း ခရီး သွားရေးလာရေးအခက်အခဲကြောင့် ပညာသင်ယူရန် အခက်အခဲဖြစ်နေသည့်အတွက် ပညာ တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရသည့် ကျောင်းသားအများ ရှိနေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အဲဒါ ကျောင်းသားဦးရေစာရင်းဖြစ်ပါတယ်။ မင်းဂုတ်အခြေခံကျောင်းရဲ့ အဆင့်တိုးမြှင့်ပေးဖို့ လိုအပ်ချက်တွေ တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါက မင်းဂုတ်ကျောင်းရဲ့ ကျောင်းအနေအထားဖြစ်ပါတယ်ရှင်။ အဲဒါက မင်းဂုတ်ကျောင်း အသစ် ဆောက်လုပ်ထားပြီးသား ဖြစ်ပါတယ်။ အဲဒီကျောင်းကို ကျွန်မတို့က ရှေ့နှစ်ကလည်း ထပ်တင်ပါတယ်။ အခုအချိန်အထိ မရသေးပါဘူး။ လေးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ အလယ်တန်းခွဲအဖြစ် ပညာသင်ယူနေ တာ။ အခုတော့ အလယ်တန်းအဆင့်တိုးမြှင့်ပေးရန် တောင်းဆိုခြင်းဖြစ်ပါတယ်။ ၎င်းအပြင် ကျွန်းစု မြို့နယ်အတွင်းရှိ စစ်ဘုကျေးရွာက အ.လ.က(မူလွန်)ကျောင်းသည် အ.လ.က(ခွဲ)အဖြစ်လည်းကောင်း ကျောင်းသားဦးရေစုစုပေါင်း ၄၇၁ ဦးနဲ့ အလယ်တန်းကျောင်း ၁၂၇ ဦး၊ အနီးဆုံးကျောင်းသို့ ရေမိုင် ၁၀ မိုင်ကွာဝေးပါတယ်။ မင်းဂုတ်ကျောင်း အ.လ.က(ခွဲ)သည် အ.လ.က ကျောင်းအဖြစ် ကျောင်းသား ဦးရေ ၅၆၆ ဦး၊ အလယ်တန်း ၂၈၂ ဦး အနီးဆုံးကျောင်းသို့ ရေမိုင် ၁၀ မိုင်၊ ချောင်းချို့ အ.လ.က(ခွဲ)မှ အ.လ.ကအဖြစ်သို့ ကျောင်းသားဦးရေ စုစုပေါင်း ၆၃၅ ဦး၊ အလယ်တန်း အဆင့် ၁၄၇ ဦး အနီးဆုံး ကျောင်းသို့ ရေမိုင် ၁၄ မိုင်၊ ရေကန်အော် အ.လ.က(ခွဲ)မှ အ.လ.က ကျောင်းသို့ ကျောင်းသားဦးရေ ၇၄၈ ဦး အလယ်တန်းကျောင်းသား ၁၄၈ ဦး ရေလမ်းခရီးဖြင့် အနီးဆုံး နှစ်နာရီကြာပါတယ်။ တောနောက်လယ် အ.လ.က(မူလွန်)မှ အ.လ.က(ခွဲ)အဖြစ်သို့လည်းကောင်း အနီးဆုံးရေမိုင် ၃ မိုင် မိုင်းသွေးကွက်သစ် အ.မ.ကမှ အ.မ.က(မူလွန်)အဖြစ်သို့ အနီးဆုံးရေမိုင် တစ်မိုင် လင်မလို အ.မ.က မှ အ.မ.က(မူလွန်)အဖြစ်သို့ ကျောင်းသားဦးရေ ၁၈၀ အနီးဆုံးကျောင်းသို့ နှစ်နာရီခန့် ရေလမ်းခရီးဖြင့် သွားရပါတယ်။ မကျီးကျွန်း ကိုယ်ထူကိုယ်ထ အ.မ.ကကျောင်းသည် ကျောင်းသားဦးရေ ၁၂၈ ဦး အနီးဆုံးကျောင်းသို့ ရေမိုင်လေးမိုင်ခန့်ကွာဝေး၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့သို့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ်တွင် တင်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ကျောင်းများကို အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မကျီးကျွန်း ကိုယ်ထူကိုယ်ထကျောင်းကို

အ.မ.က Sanction အဖြစ် ထားပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ချမှတ်ပေးပါမည်နည်း။ မရှိဟုဆိုပါက အဘယ်ကြောင့်နည်း။ မဲဆန္ဒရှင်များကိုယ်စား မေးမြန်းပေးရခြင်းဖြစ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်တင်ရီရဲ့ မေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား Sanction နှင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ။ နောက် ဒုတိယမေးခွန်းဖြစ်တဲ့ မကျီးကျွန်း ကိုယ်ထူကိုယ်ထကျောင်းအား အ.မ.က Sanction ချထားပေးနိုင်ခြင်းရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ချမှတ်ပေးပါမည်ဆိုတဲ့မေးခွန်းကို ဦးစွာ ရှင်းလင်းတင်ပြပါမယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နှစ်အလိုက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများကို ဘဏ္ဍာငွေမူဘောင်အတွင်းက ဖြစ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ သို့သော် အဆင့်တိုးမြှင့်ပေးဖို့က မူလတန်းကျောင်း အဆင့်တိုးမြှင့်ရန် ကျောင်းသားဦးရေသတ်မှတ်ချက်၊ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ရန် ကျောင်းသားဦးရေသတ်မှတ်ချက်၊ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ရန်ကျောင်းသားဦးရေသတ်မှတ်ချက်များ မူဘောင်သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းအဆင့်တိုးမြှင့်ရန် စိစစ်ချက်အရ မူဘောင်နှင့်ကိုက်ညီသော ကျောင်းပေါင်း ၉၃၇ ကျောင်း အဆင့်မြှင့်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ နောက် ဒီမူဘောင်နှင့်မကိုက်ညီသော်လည်း ဒီကိုယ်စားလှယ်တော်ကြီးများ၏ တင်ပြချက်အရလည်းကောင်း၊ ပြည်သူလူထုရဲ့လိုလားချက်အရလည်းကောင်း၊ သတ်မှတ်ချက်ကို ဖြေလျှော့ပြီးတော့ ဖြစ်နိုင်သမျှ ထပ်မံအဆင့်မြှင့်ထားတာ ၂၇၇၅ ကျောင်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ယခုဘဏ္ဍာရေးနှစ်မှာတော့ စုစုပေါင်း ၃၃၁၂ ကျောင်း အဆင့်မြှင့်ဆောင်ရွက်ပေးပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ဒီမူဘောင်အရဆိုရင်တော့ ၉၀၀ ကျော်ပဲရှိသော်လည်း ကျွန်တော်တို့ တတ်အား သရွေ့ဖြေလျှော့ပြီး ဖြစ်နိုင်သမျှတိုးမြှင့်ပေးရန် ၂၃၇၅ ကို ဆောင်ရွက်ခဲ့ကြောင်းကို ဦးစွာတင်ပြ အပ်ပါတယ်။ ဒီကျွန်းစုမြို့နယ် ကိုယ်စားလှယ်တော်ကြီးမေးခွန်းနဲ့ပတ်သက်လို့ မကျီးကျွန်းကျေးရွာ အုပ်စုသည် ကိုယ်စားလှယ်တော်ကြီးတင်ပြသလို စုစုပေါင်းမူဆင့်သင်ကျောင်းသားကျောင်းသူ ၁၂၃ ဦး ရှိပါတယ်။ ကိုယ်အားကိုယ်ကိုးမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ရန်လည်း ကိုက်ညီပါတယ်။ ကျွန်တော်တို့ ဒီကျောင်းကို ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်ပေးပါမယ်။ မြို့နယ်ကနေ တစ်ဆင့် အမှုတွဲတည်ဆောက်ပြီးတော့ ဘတ်ဂျက်လျာထားပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ကျွန်းစုမြို့နယ် သန္တုတ်ကျေးရွာအုပ်စု၊ တောနောက်သည်ကျေးရွာရှိ ကျောင်းကတော့ ဒီအခြေခံပညာမူလတန်းလွန်ကျောင်း မဟုတ်တော့ပါဘူး။ အခြေခံပညာအလယ် တန်းကျောင်းခွဲအဖြစ် တိုးမြှင့်သတ်မှတ်ပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ဒီကျောင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကတည်းက ဒီအခြေခံပညာဦးစီးဌာနရဲ့ စာအမှတ်၊ ဌာနခွဲ-၁(ခ)/၆၄၂ ကျောင်းတိုး (၂၀၁၁) နဲ့ ထုတ်ပြန်ပြီး တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)သို့ ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီတနင်္သာရီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ကျောင်းများ၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျောင်းများအနက် စစ်ဘုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသည် စုစုပေါင်းအလယ်ဆင့်သင် ကျောင်းသား ၁၂၇ ဦးရှိပါတယ်။ ကျွန်တော်တို့ မူဘောင်သတ်မှတ်ချက်အရ ၂၀၀ နှင့်အထက်ရှိမှ အဆင့်တိုးမြှင့်ပေးလို့ ရပါကြောင်း တင်ပြအပ်ပါ တယ်။ မင်းဂုတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် စုစုပေါင်း အလယ်အဆင့်သင် ကျောင်းသား ၂၂၉ ဦး၊ ချောင်းဝကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ စုစုပေါင်း အလယ်ဆင့်သင်ကျောင်းသား ၁၄၂ ဦး၊ ရေကန်အော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စုစုပေါင်းအလယ်ဆင့်သင်ကျောင်းသား ၁၄၆ ဦး ရှိပါတယ်။ ကျွန်တော်တို့ မူဘောင်အားဖြင့် အခြေခံ ပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် သတ်မှတ် ချက်ကတော့ ၂၄၀ ဦး ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ အခြေအနေပေးရင်ပေးသလို ဖြေလျှော့ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မိုင်းသွေးကွက်သစ်ကျေးရွာ အခြေခံပညာ

မူလတန်းတွင် စုစုပေါင်း မူဆင့်သင်ကျောင်းသား ၁၈၈ ဦး၊ လင်မလိုကျေးရွာအခြေခံ ပညာမူလတန်းကျောင်းတွင် စုစုပေါင်း မူဆင့်သင်ကျောင်းသားကျောင်းသူ ၁၇၄ ဦးရှိပါတယ်။ မူဘောင်အားဖြင့် အခြေခံပညာမူလတန်းကျောင်းမှ အခြေခံမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် မူဆင့်သင်ကျောင်းသား ၂၅၀ ဦးနှင့်အထက် ရှိဖို့လိုပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်တော်ကြီး တင်ပြသလို ကျွန်တော်တို့ အခြေအနေပေးရင်ပေးသလို မူဘောင်သတ်မှတ်ချက်ကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အချုပ်အားဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျောင်းများအနက် စစ်ဘုကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၊ မင်းဂုတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ချောင်းဝကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၊ ရေကန်အော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ မိုင်းသွေးကွက်သစ်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၊ လင်မလိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသည် လက်ရှိသတ်မှတ်မူဘောင်နှင့် ကိုက်ညီရန် လိုအပ်သေးသော်လည်း ဘဏ္ဍာရေးအခြေအနေအရ မူဘောင်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိရင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်သို့ တင်ပြမေးမြန်းလိုသည့်မေးခွန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ယခင် အ.လ.က(၂) လွိုင်လင်မြို့အား အခြေခံပညာအထက် တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်

ဖွင့်လှစ်ပညာသင်ကြားနိုင်ရန်အတွက် ဒေသခံတိုင်းရင်းသားမိဘ ပြည်သူများ၏ကိုယ်စား မေးမြန်းမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ ယခင် အ.လ.က(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တာဝန်ယူပညာသင်ကြားပေးနေသည့် ဆရာဆရာမများ၏သင်ကြားပြသမှုကောင်းမွန်မှုများကြောင့်လည်းကောင်း၊ ကျောင်းစည်းကမ်း ကောင်းမွန်မှုများကြောင့်လည်းကောင်း ကျောင်းသားကျောင်းသူဦးရေများတိုးတက်များပြားလာပြီ ကျောင်းသူကျောင်းသားများ၏ စာမေးပွဲအောင်မြင်မှု မြင့်မားတိုးတက်လျက်ရှိပါကြောင်းနှင့် ကျောင်းသားကျောင်းသူတို့၏မိဘများမှလည်းဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက် အခြေခံပညာ သင်ကြားမှုကို အထောက်အကူပြုလျက်ရှိပါတယ်။ ယခု ကျောင်းသားကျောင်းသူတို့၏ မိဘများနှင့် ရပ်မိရပ်ဖများ၏တင်ပြချက်များအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနသို့ အောက်ပါမေးခွန်းကို မေးမြန်းပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ပညာသင်ကြားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိသိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အဆင့်တိုးမြှင့်ပညာသင်ကြားခွင့်ပြုပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ဦးဝင်းမော်ထွန်းကပဲ ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်သီရဲ့ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ပညာသင်ကြားခွင့်ပြုရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင်ခွင့်ပြုမည်နည်း၊ မရှိပါက အဘယ်ကြောင့်ကို သိရှိလိုခြင်း မေးမြန်းခြင်းနှင့်စပ်လျဉ်းလို့ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ပထမမေးခွန်းမှာတင်ပြခဲ့တဲ့အတိုင်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းများအဆင့်တိုးမြှင့်ခြင်းကို

ဒေသလိုအပ်ချက်နှင့်အညီ အဖြစ်နိုင်ဆုံးဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ မူလသတ်မှတ်ချက်အရ သတ်မှတ်ထားတဲ့ကျောင်းမှာ ယခုဘဏ္ဍာရေးနှစ်မှာ ၉၃၇ ကျောင်းဖြစ်ပေမယ့် ကျွန်တော်တို့ နှစ်ဆကျော်ထပ်ဆောင်းပြီး ၂၃၇၅ ကျောင်းထပ်မံတိုးမြှင့်လို့ စုစုပေါင်း ၃၃၁၂ ကျောင်း ကျောင်း အဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဒီကျောင်းတွေထဲမှာ လှိုင်လင်မြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းလွန်ကျောင်းနှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)နှစ်ကျောင်း စုစုပေါင်းအခြေခံပညာအဆင့်ကျောင်းပေါင်း ခုနစ်ကျောင်း ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ အတိုင်း ဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် အောင်မြင်တဲ့ကျောင်း၊ ကျောင်းသားကျောင်းသူများအားကိုးရာကျောင်းဖြစ်ကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ သူ့ရဲ့ပင်မကျောင်းဖြစ်တဲ့ လှိုင်လင်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင်ဝက်ခန့်ခရီးလေးသာကွာဝေးကြောင်း တွေ့ရှိရပါတယ်။ ၎င်းကျောင်းဟာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သတ်မှတ်ပြီးသည့်အတွက် အခြေခံပညာအထက်တန်းကျောင်းအဆင့် Sanction မရှိစေကာမူ အထက်တန်းပညာကို ပြည့်ဝစွာသင်ကြားခွင့်ရှိပါတယ်။ ထိုကျောင်းမှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် ထက်ဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက်ရှိရန် သတ်မှတ်ထားပါတယ်။ သို့သော် ဒီသတ်မှတ်ချက်မပြည့်မီစေကာမူ ကျွန်တော်တင်ပြတဲ့အတိုင်းပဲ ဘဏ္ဍာရေးအခြေအနေပေးသည်နှင့်အမျှ သတ်မှတ်ချက်မူဘောင်ကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မူဆယ်မြို့နယ် ခုတင်(၁၀၀)ဆေးရုံမြေနေရာအတွက် မူလလျာထားသတ်မှတ်ပေးခဲ့သည့် မြေဧရိယာအကျယ်အဝန်းအတိုင်း ပြန်လည်ထားရှိပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအားလုံး

မင်္ဂလာပါခင်ဗျား။ ကျွန်တော် မူဆယ်မြို့နယ် ခုတင်(၁၀၀)ဆေးရုံမြေနေရာအတွက် မူလလျာထား သတ်မှတ်ပေးခဲ့တဲ့ မြေဧရိယာအကျယ်အဝန်းအတိုင်း ပြန်လည်ထားရှိပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ၁၉-၃-၂၀၀၄ ရက်နေ့နဲ့ ၂၀-၃-၂၀၀၄ ရက်နေ့ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်က မူဆယ် မြို့ ကောင်းမှုတုံရပ်ကွက်၊ ဟိုနားရပ်၊ မြို့ပတ်လမ်းအနီး ခုတင် ၁၀၀ ဆံ့ဆေးရုံအသစ်ဆောက်လုပ်ရန် အတွက် မြေဧရိယာ ၁၃.၇၄၆ ဧကကို ရွေးချယ်သတ်မှတ်လမ်းညွှန်ခဲ့ပါတယ်။ အဲဒီတုန်းက မူဆယ်မြို့ရဲ့ ပြည်သူ့ဆေးရုံဟာ၂၅ ခုတင်ဆံ့ဆေးရုံ ဖြစ်ပါတယ်။ မူဆယ်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံအသစ် ဆောက်လုပ်ရန် မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၅-၇-၂၀၀၅ ရက်နေ့ တွင်လည်းကောင်း၊ ၅-၄-၂၀၀၇ ရက်နေ့တွင်လည်းကောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ရန်ပုံငွေတင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေချပေးခြင်း မရှိသဖြင့် ယနေ့တိုင်ခွင့်ပြု လျာထားတဲ့မြေနေရာမှာ ဆေးရုံအသစ်ဆောက်လုပ်နိုင်ခြင်း မရှိသေးပါ။ အဆိုပါ ခုတင် ၁၀၀ ဆေးရုံ မြေနေရာ ၁၃.၇၄၆ ဧကအနက်မှ မြို့နယ်စစ်မှုထမ်းဟောင်းအိမ်ရာ အတွက် မြေဧရိယာ ၄.၆၈၂ ဧကနဲ့ ပုဂ္ဂလိကသို့ မြေပေးအမိန့်ဖြင့် ၁.၁၃ ဧကတို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ၂၇-၁-၂၀၁၁ ရက်နေ့၌လည်းကောင်း၊ ယခင်အစိုးရသက်တမ်းမှာ သိန်းသန်းချီကုမ္ပဏီတို့ကို မြေဧရိယာ ၂.၉၃၁ ဧကကို ၂၀၁၃ ခုနှစ် အတွင်း၌လည်းကောင်း၊ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ကောလိပ်တော်အရာရှိက ယင်းမြေကိုခွဲစိတ်ချထားပေးခဲ့ကြောင်း သိရှိရပါတယ်။ အဲ့ဒီလို မြို့နယ်ကျန်းမာရေးလုပ်ငန်းစဉ် နဲ့သက်ဆိုင်ခြင်းမရှိတဲ့ လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများတို့ကို ပြန်လည်ခွဲစိတ်ချပေးခဲ့ခြင်းဟာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်ဖြစ်တဲ့ မြေနေရာ ရရှိရေးကို မျက်ကွယ်ပြုခြင်းဖြစ်ပါတယ်။ ယင်းသို့ခွဲစိတ်ချပေးခဲ့ခြင်းကြောင့် မူဆယ်မြို့နယ် ခုတင် ၁၀၀ ဆေးရုံအသစ်အတွက် မြေဧရိယာ ငါးဧကခန့်သာ ကျန်ရှိတော့မှာဖြစ်ပါတယ်။

ယခုအခါ မူဆယ်မြို့နယ်မှာ ဒေသခံလူဦးရေအပြင် အခြားဒေသမှပြောင်းရွှေ့လာရောက် နေထိုင်သူများနှင့် ရွှေ့ပြောင်းလုပ်သားများဦးရေ အဆမတန်များပြားလာခြင်းတို့ကြောင့် မြို့နယ် အတွင်းရှိပြည်သူအများအတွက် ကျန်းမာရေးဝန်ဆောင်မှုလိုအပ်ချက်ဟာလည်း လက်ရှိခုတင် ၁၀၀ ဆံ့ ဆေးရုံနဲ့ မည်သို့မှလုံလောက်မှုမရှိနိုင်တော့ပါ။ ယခုလက်ရှိမှာလည်းပဲ နေ့စဉ်လူနာ ၁၄၀ ကျော်

အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း သိရှိရပါတယ်။ ထို့ကြောင့် မူဆယ်ခရိုင်၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ ခုတင် ၂၀၀ ဆံ့ဆေးရုံအဖြစ်သို့တိုးမြှင့်ပေးရန် တင်ပြတောင်းခံထားကြောင်း သိရှိရပါတယ်။ ယင်းသို့ဆိုလျှင် လက်ရှိကျန်ရှိတဲ့မြေဧရိယာအကျယ်အဝန်းဖြင့် ဆေးရုံအသစ်ဆောက်လုပ်ရန် အခက်အခဲရှိမှာ ဖြစ်ပါတယ်။

ဖော်ပြပါ ကျန်ရှိဆေးရုံမြေနေရာငါးဧကခန့်ရဲ့ အနောက်မြောက်အရပ်၌ရှိတဲ့ မြေ ၃.၈၅၉ ဧကခန့်ကို ဆေးရုံမြေနေရာအဖြစ် ထပ်မံလျှောက်ထားရန် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက စီစဉ်နေသည်ဆိုသော်လည်း ယင်းမြေဧရိယာဟာ မူလလျာထားသတ်မှတ်ထားတဲ့ ဆေးရုံမြေနေရာနဲ့ တစ်ဆက်တစ်စပ်တည်းမရှိခြင်းနဲ့ မြေမျက်နှာပြင်အနိမ့်အမြင့်ညီညာမှုမရှိဘဲ လျှိုမြောင်များပါဝင်နေသဖြင့် အဆင်မပြေလှကြောင်း မြို့နယ်ကျန်းမာရေးဝန်ထမ်းတစ်ဦးထံမှ ကြားသိရပါတယ်။ သို့ဖြစ်၍ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ မူဆယ်မြို့နယ် ခုတင်(၁၀၀)ဆေးရုံမြေနေရာအတွက် ၂၀၀၄ ခုနှစ်က သတ်မှတ်လျာထားပေးခဲ့တဲ့မြေဧရိယာ ၁၃.၇၄၆ ဧကအနက်မှ မြေဧရိယာဧကသုံးပုံတစ်ပုံခန့်ကို ပုဂ္ဂလိကနဲ့အခြားအဖွဲ့အစည်းများသို့ ခွဲစိတ်ချထားပေးခဲ့ခြင်းအား ပျယ်ဖျက်၍ မူလလျာထားသတ်မှတ်ပေးခဲ့တဲ့မြေဧရိယာအကျယ်အဝန်း အတိုင်း ပြန်လည်ထားရှိပေးနိုင်ခြင်းရှိ/မရှိ၊ ရှိလျှင်မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကိုလည်းကောင်း၊ မရှိလျှင် အဘယ်ကြောင့်မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ပထမဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ မေးခွန်း၌ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက ဆေးရုံ ခုတင် ၁၀၀

ကို ခုတင် ၂၀၀ တိုးမယ့်ကိစ္စ၊ ဒုတိယအပိုင်းကတော့ မြေကိစ္စဖြစ်ပါတယ်။ ပထမအပိုင်းအနေနဲ့ဆိုရင် ရှမ်းပြည်နယ်၊ မူဆယ်မြို့ဆေးရုံသည်ခုတင် ၁၀၀ ခရိုင်ဆေးရုံဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇွန်လအထိ စာရင်းဇယား များအရတော့ ဆေးရုံအတွင်းလူနာ ၇၉ ဦးခန့်သာရှိပါတယ်။ ကိုယ်စားလှယ်ကြီးပြောတဲ့ ၁၄၀ တော့ မရှိသေးပါဘူး။ ပြင်ပလူနာအနေနဲ့လည်း ၃၁ ဦးခန့်ပဲရှိပါတယ်။ သို့သော်လည်း ဒီဆေးရုံမှာဆိုရင် အထူးကုဆရာဝန်ခုနစ်ဦး၊ လက်ထောက်ဆရာဝန် ၁၄ ဦး၊ သူနာပြု ၅၈ ဦးနဲ့ ကျန်းမာရေးဝန်ဆောင်မှု များကိုပေးနေတဲ့အတွက် အခြားဆေးရုံများနှင့် နှိုင်းယှဉ်မယ်ဆိုရင်တော့ အလွန်ကောင်းတဲ့အခြေအနေတစ်ရပ် ရှိပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း တကယ်သာ ကျွန်တော်တို့ တိုးသင့်မတိုးသင့်ကိုတော့ ကျွန်တော်တို့အနေနဲ့ စာတော့လက်ခံရရှိပြီးပါပြီ။ နိုဝင်ဘာလ ၂၅ ရက်နေ့ နေ့စွဲဖြင့် ပြည်နယ်ကုသရေးဦးစီးဌာနမှူးက တစ်ဆင့် ကျွန်တော်တို့ ဒီစာကိုရပြီးပါပြီ။ အဲဒီတော့ ရတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့စာရင်းနဲ့ ကျွန်တော်တို့ စာရင်းမတူဖြစ်နေပါတယ်။ ဒါကိုတူ၊ မတူ ဟုတ်၊ မဟုတ်ကိုတော့ ကျွန်တော် ပြည်နယ်ဦးစီးမှူးကို ကျွန်တော်သွားကြည့်ပြီးတော့ အသေးစိတ်ပြန်လည် လေ့လာခိုင်းပါမယ်။ လေ့လာခိုင်းပြီး ကျွန်တော် ဒီမူဆယ်ဆေးရုံမှာ အတွင်းလူနာဦးရေက လွန်ခဲ့တဲ့ ငါးနှစ်အတွင်း တိုးလာခြင်း၊ ဆေးရုံ Performance အခြေအနေများတက်လာခြင်း သို့မဟုတ် တစ်နေ့ပျမ်းမျှအတွင်းလူနာက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ၁၀၀ ကျော်၊ ၁၅၀ ဖြစ်နေခြင်း၊ ဆေးရုံခုတင်ခွင့်ပြုအသုံးချနှုန်းကလည်း ၁၀၀ ရဲ့ ရာခိုင်နှုန်းကျော်ပြီး ၁၅၀ ဖြစ်နေခြင်း၊ ပျမ်းမျှဆေးရုံတက်တဲ့ရက်ကလည်း ၁၀ ရက်ထက်မပိုခြင်း၊ ဆေးရုံမြေနေရာရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ ဒါကိုတိုးပေးဖို့ဝန်မလေးပါဘူး။

ဒုတိယအပိုင်းဖြစ်တဲ့ မြေဧကကတော့ ကျွန်တော်တို့မူဆယ်ဆေးရုံဟာဆိုလို့ရှိရင် မြေအကျယ် အဝန်း ၄.၉၆၆ ဧကရှိပြီး အခွန်လွတ်မြေဂရန်ရရှိထားပြီးဖြစ်ပါတယ်။ မြေနေရာအသစ်တွင် ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံတည်ဆောက်ဖို့အတွက် မြို့ပတ်လမ်းအနီး မြို့နယ်အားကစားကွင်းအနီးရှိ ဧရိယာ ၁၃.၇၄၆ မြေဧကအား ၂၀၁၄ ခုနှစ်က နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်မှာ ရွေးချယ်ပေးခဲ့ သော်လည်း ကျွန်တော်တို့စာရင်းဇယားအရ ပြန်လည်လေ့လာတဲ့အခါမှာတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ အခြားအသင်းအဖွဲ့အစည်းများကို ပေးလိုက်တဲ့အတွက် ငါးဧကသာကျန်ပါတော့တယ်။ သို့သော်လည်း ရှမ်းပြည်နယ်အစိုးရ ၂၀၁၅ ခုနှစ်က ဆေးရုံမြေနေရာ အတွက် ထပ်မံချထားပေးမည့်မြေဧရိယာ ၃.၈၅၉ ဧကကိုပေါင်းလိုက်ရင် ၈.၈၅၉ ဧကဖြစ်သွား

ပါတယ်။ သို့သော်လည်း ဒီ ၃.၈၅၉ ဧကကို ပြန်ကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း မှန်ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့နေအိမ်ဆောက်လုပ်ရန်လည်း မြေနေရာလည်း ပေးထားလိုက်ပါတယ်။ ဧက၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကိုလည်း ၀.၈၂၆ ဧက ပေးထားပါတယ်။ လမ်းမြေဧရိယာကတော့ ၀.၆၃၃ ဧကရှိတဲ့အတွက် ကျန်တဲ့မြေဧက ၁.၀၈၀ ဧက ကိုလည်း မောက်ခေါင်မောင်ကုမ္ပဏီမှ ရေသန့်စက်ရုံဆောက်လုပ်ဖို့ ပေးထားတယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။

ကျွန်တော်တို့စာရင်းဇယားနဲ့ ကျွန်တော်တို့ Data တွေကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ သွားတွေ့ ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၄-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၃၄၂/၅-၁၇၀/အစရ(ရှမ်း)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြချက်အရ ၂၀၁၅ ခုနှစ်ကဖြစ်ပါတယ်။ ဆေးရုံချထားမြေနေရာ အနောက်မြောက်ဘက်ကပ်လျက်ရှိသည့် မြေကွက်များမှ ဆေးရုံလျာထားမြေနေရာအဖြစ် သတ်မှတ်ဧရိယာတွင် ပါဝင်သောမြေနေရာအား မြန်မာ့အလင်းသတင်းစာတွင် ပယ်ဖျက်မည်ဖြစ်ကြောင်း တရားဝင်ကြော်ငြာ၍ ပယ်ဖျက်ခဲ့ရသည့်ပိုင်ရှင်များ အခြားသင့်တော်သော မြေနေရာများချထားပေးမည်ဖြစ်ကြောင်းဆိုပြီးတော့ ပြည်ထောင်စုအစိုးရကို ၂၀၁၅ ခုနှစ်က တင်ထားပါတယ်။ သို့သော် ယခုအချိန်ထိတော့ ဒီစာဟာ ပြန်ကျလာခြင်းမရှိသေးပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကုသရေးဦးစီးဌာနအနေဖြင့် မူဆယ်ခရိုင်ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ ကို လေးထပ်လူနာဆောင်ဆောက်လုပ်ဖို့အတွက် ကျပ်သန်း ၈၀၀ ပါရှိပြီးဖြစ်သဖြင့် လက်ရှိမြေနေရာတွင် ငါးဧကပေါ်မှာတော့ ဆေးရုံအဆောက်အဦဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျွန်တော်တို့ အပ်ထားပါတယ်။ အဆောက်အဦကိုအပ်နှံ၍ ဆောက်လုပ်ရေးလုပ်ငန်းများလည်းစနေပြီ ဖြစ်ပါတယ်။ မူလရွေးချယ်ပေးခဲ့တဲ့မြေနေရာများအနက် ပုဂ္ဂလိကအဖွဲ့အစည်းများသို့ ပေးထားသောမြေနေရာကို ပြန်လည်ရရှိရေးမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေး၍ မရနိုင်ပါဘူး။ ထပ်မံလျာထားပေးသောမြေဧရိယာ ၈.၈၅၉ ဧကအကျယ်အဝန်း ရရှိရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသည့်ငင်းစာအား ကျွန်တော်တို့ ဆက်လက်ပြီးတော့၊ ပြန်ပြီးစုံစမ်းစစ်ဆေးပြီးတော့၊ အဖြေရမယ်ဆိုလို့ရှိရင်တော့၊ မြေနေရာရမယ်ဆိုလို့ရှိရင်တော့ ခုတင် ၁၀၀ ကနေ ၂၀၀ ဆောက်သင့်တဲ့ကိစ္စကို ကျွန်တော်တို့ ဆက်လက်စဉ်းစားမှာပါ။ ဒီနေရာမှာ ကျွန်တော်တစ်ခုပြောချင်တာက ခုတင် ၂၀၀ ကိုတိုးမယ်ဆိုရင် ကျွန်တော်တို့က မြေဧရိယာကို ၁၅ တို့၊ ၂၀ ဧကလောက်လိုပါတယ်။ ကျွန်တော်တို့ လောလောဆယ်

ကတော့ ၈ ဧက လောက်ပဲရမယ်ဆိုတော့ ဆောက်မယ်ဆိုရင်တောင် တော်တော်ကျပ်တဲ့အတွက် ဝန်ထမ်းအိမ်ရာများမရရှိခြင်း ဒါမျိုးကိစ္စများကိုဖြစ်နိုင်တဲ့အတွက် သေချာပြန်လည်ဆန်းစစ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီလောက်ပဲဖြေခွင့်ပြုပါ။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဟသ်ာတမြို့ ပြည်သူ့ဆေးရုံတွင် ဆောက်လက်စ တိုးချဲ့ဆေးရုံ(၄)ထပ် အဆောက်အဦအား ဆက်လက်ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဟသ်ာတပြည်သူ့ဆေးရုံကြီးမှာ လေးထပ်ဆောင် ဆက်လက်ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟသ်ာတပြည်သူ့ဆေးရုံကြီးဝင်းအတွင်းမှာ တိုးချဲ့လေးထပ် လူနာဆောင်ဆောက်လုပ်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၂၂-၁၀-၂၀၁၅ ရက်နေ့မှာ စတင်ပြီးတော့ ACE ကုမ္ပဏီလီမိတက်ကနေပြီးတော့ သူ့ရဲ့လက်အောက်ခံကုမ္ပဏီဖြစ်တဲ့ မြန်မာ့လုပ်ငန်းကွန်ယက် ဖွံ့ဖြိုးတိုးတက်မှုအုပ်စုကုမ္ပဏီလီမိတက် တာဝန်ယူဆောက်လုပ်ခဲ့ပါတယ်။ တည်ဆောက်ခြင်းလုပ်ငန်းတွေအားလုံးရဲ့ တန်ဖိုးကတော့ ကျပ်သန်းပေါင်း ၇၈၀ ဖြစ်ပါတယ်။ လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခဲ့ရာမှာ ၂၅ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးပြီး ဖြစ်ပါတယ်။ လုပ်ငန်းပြီးစီးမှုအရ လုပ်ငန်းတန်ဖိုးရဲ့ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ တန်ဖိုးကျပ်သန်းပေါင်း ၁၉၅ သန်းကို ထုတ်ယူပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဧပြီလနောက်ပိုင်းသင်္ကြန်ပြီးကာလမှ ယခုအချိန်အထိ ရပ်ဆိုင်းထားခဲ့ပါတယ်။ ရပ်ဆိုင်းရတဲ့အကြောင်းအရင်းတွေကို စုံစမ်းကြည့်တော့ ခွင့်ပြုရန်ပုံငွေဆက်လက်ချထားပေးခြင်းမရှိဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါအရှေ့ဘက်ကနေမြင်ရတဲ့ ဆောက်လုပ်ပြီးစီးမှုအခြေအနေပါ။ ဒါကတော့ တောင်ဘက်က ဆောက်လုပ်မှုပြီးစီးမှုအခြေအနေပါ။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဟသ်ာတမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းမှာ ဆောက်လက်စတိုးချဲ့ဆေးရုံလေးထပ်

အဆောက်အဦအား ဆက်လက်ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ ဆက်လက်ဆောက်လုပ်ပေးမည်ကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျားနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏ မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း မှန်ပါတယ်ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ဆေးရုံတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ တိုးချဲ့လေးထပ်ဆောင်ဆောက်ဖို့အတွက်ကို MBD ကုမ္ပဏီကို ကျွန်တော်တို့ ကျပ်သန်း ၇၈၀ နဲ့ တင်ဒါ အောင်သွားပါတယ်။ လုပ်ငန်းများကို တာဝန်ယူဆောက်ပါတယ်။ သို့သော် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးအောင် ကျွန်တော်တို့ ရန်ပုံငွေကခွင့်ပြုခဲ့ပါတယ်။ သို့ရာတွင် ၂၅-၃-၂၀၁၆ ရက်နေ့တွင် ကျင်းပသော ကုသရေးဦးစီးဌာနမှူးရဲ့ တာဝန်ယူဆောက် လုပ်သော ဆောက်လုပ်ရေးကုမ္ပဏီများ အစည်းအဝေးတွင် လုပ်ငန်းပြီးစီးမှုများကို ကျွန်တော်က ရာခိုင်နှုန်းသတ်မှတ်ပြီးတော့ ဘဏ္ဍာငွေပေးချေပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့တွေ့တဲ့အခါမှာ MBD ကုမ္ပဏီအနေနဲ့ ၃၅ ရာခိုင်နှုန်းပဲ ပြီးပါတယ်။ သူတို့ဘက်က လိုအပ်ချက်ပါ။ ကျွန်တော်တို့ ဘက်က ပိုက်ဆံအဆင်သင့်ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ ၃၅ ရာခိုင်နှုန်းနဲ့ညီမျှတဲ့ ကျပ် ၂၇၃ သန်း ပေးချေပြီး ကျန်ရန်ပုံငွေများကိုတော့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းအရ ကျွန်တော်တို့ ပြန်အပ်လိုက်ရပါတယ်။ အဲဒီတော့ ပြန်အပ်ငွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျွန်တော်တို့ တောင်းသော်လည်း အချိန်မီမရခြင်းကြောင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထပ်ပြီး တော့ ဖြည့်စွက်မှာလည်း တောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မရပါဘူး။ ဆေးရုံတိုးချဲ့ လေးထပ် ဆောင် ဆောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ အားမလျှော့ပါဘူး။ ဒါ့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လျာထားစာရင်းတွေ ရန်ပုံငွေ ၅၀၇ သန်းကို တောင်းထားပါတယ်။ ဒီဓာတ်ပုံကြည့်လိုက်တဲ့အခါမှာလည်း ကျွန်တော့်အနေနဲ့ ဒီလိုမဖြစ်သင့်ပါဘူး။

ကျွန်တော်တို့ ဒီကိစ္စကိုလည်း ဒီ ၅၀၇ သန်းကို ရမယ်ဆိုရင်တော့ အမြန်ဆုံး ဆောက်လုပ်ပြီးတော့ အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။

**ကျောက်ကြီးမြို့နယ်၊ မုန်းဒေသတိုက်နယ်ဆေးရုံမှ ပြောင်းရွှေ့သွားသောဆရာဝန်နေရာ၌ ပြန်လည်အစားထိုးခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျောက်ကြီးမြို့နယ်၊ မုန်းဒေသတိုက်နယ်ဆေးရုံမှ ပြောင်းရွှေ့သွားသောဆရာဝန်နေရာ၌ ပြန်လည် အစားထိုးခန့်အပ်ပေးရန် အစီအစဉ်ရှိ /မရှိနှင့် မည်သည့်အချိန်တွင် ခန့်အပ်ပေးမည်ကို သိရှိလိုခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တင်ထားတဲ့မေးခွန်းမှာ ၄-၁၀-၂၀၁၆ ရက်ဖြစ်ပြီးတော့ ၁၄-၁၂-၂၀၁၆ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းတိုက်နယ်ဆေးရုံမှ လက်ထောက်ဆရာဝန်အား တာဝန်ခံဆရာဝန် အဖြစ် မုန်းတိုက်နယ်ဆေးရုံကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့စေကြောင်း သိရှိရပါတယ်။ သို့သော် ယနေ့အချိန်အထိ လာရောက်တာဝန်မထမ်းဆောင်ခြင်းကြောင့် မုန်းဒေသပြည်သူများကလည်း မျှော်လင့်နေပြီဖြစ်ပါသဖြင့် ဤမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမြို့နယ် မုန်းဒေသမှာကျေးရွာအုပ်စု ၁၁ အုပ်စုရှိပြီးတော့ ဒေသအတွင်း ပြည်သူအားလုံးဟာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မုန်းတိုက်နယ်ဆေးရုံကိုသာ အားကိုးအားထားပြုနေကြရပါတယ်။ ယခုလက်ရှိ ဆေးရုံတက်ကုသခံနေရသူ လူနာ ၂၀ ဦးမှ ၂၅ ဦးခန့်ရှိပြီး တစ်နေ့လျှင်ပြင်ပလူနာပျမ်းမျှ ၁၀ ဦးခန့် ကုသမှုခံယူလျက်ရှိပါတယ်။ ၁-၃-၂၀၁၆ မှာ ဆရာဝန်ကြီး ဒေါက်တာနေဇော်လင်းပြောင်းရွှေ့သွားပြီးနောက် ယနေ့အထိ ဆရာဝန်ရောက်ရှိလာခြင်းမရှိသေးပါ။ ထို ၁၀ လအတွင်း အထက်တန်းသူနာပြုတစ်ဦး၊ သူနာပြုသုံးဦးနှင့် အထွေထွေလုပ်သားသုံးဦးတို့ဖြင့်သာလည်ပတ်လုပ်ကိုင်နေကြရပါတယ်။ မြို့နယ်ဆေးရုံကြီးတွင်လည်းပဲ TMO အပါအဝင် ဆရာဝန်နှစ်ဦးသာရှိပြီး မုန်းတိုက်နယ်ဆေးရုံသို့ တစ်ဦးကို တွဲဖက်လုပ်ကိုင်စေခဲ့ပါတယ်။ သို့သော်လည်း

တွဲဖက်ပေးထားသော လက်ထောက်ဆရာဝန်မအားလပ်သည့်အချိန်အခါ၊ သင်တန်းသွားနေရသည့် အခါများမှာ မုန်းတိုက်နယ်ဆေးရုံ၌ ဆရာဝန်လုံးဝမရှိတော့ပါ။ ဒီအခြေအနေများကြောင့် မုန်းဒေသ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် စိုးရိမ်ပူပန်နေရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကျောက်ကြီးမြို့နယ် မုန်းဒေသတိုက်နယ်ဆေးရုံမှ ပြောင်းရွှေ့သွားသော ဆရာဝန်နေရာ၌ ပြန်လည်အစားထိုးခန့်အပ်ပေးသည့် ဆရာဝန်သည် မည်သည့် အချိန်တွင် လာရောက်တာဝန်ထမ်းဆောင်မည်ကို သိရှိလိုပါကြောင်း မေးခွန်းကို မုန်းဒေသပြည်သူများ အစား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ၏ ကြယ်ပွင့်ပြမေးခွန်းအား ဖြေပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်သည် မှန်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး မြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံအတွက် လိုအပ်လျက်ရှိသော လက်ထောက်ဆရာဝန်တာဝန်ခံ ဆရာဝန် တစ်ဦး၊ အမျိုးသမီးဆရာဝန်တစ်ဦး ကျွန်တော် ဆမနံ့ပါတ်လည်းပါပါတယ်။ ကုသရေးဦးစီးဌာန၏ ၁၂-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၃(မကက)၂၀၁၆/၁-၃၀၂ ဖြင့် ခန့်အပ်ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါ တယ်။ ထို့အပြင် ဒီလိုခန့်အပ်တဲ့အခါမှာ သူတို့အနေနဲ့ (၂၁) ရက်အတွင်း သွားရပါတယ်။ (၂၁) ရက် အတွင်း ရောက်မရောက်ကိုလည်း ကျွန်တော် တိုင်းဦးစီးမှူးကို အကြောင်းကြားပါတယ်။ မရောက်လို့ ရှိရင်လည်း ကျွန်တော်တို့ လိုအပ်သလို ဆက်လက်ဆောင်ရွက်မယ်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ မြို့နယ်ဆရာဝန်အနေနဲ့သွားပြီးတော့ Releasing ပေါ့။ နှစ်လ၊ တစ်လ၊ တစ်ပတ် အဲဒီလိုသွားတာတော့ မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော် ဒီကိစ္စကိုလည်း အရေးတယူသေချာကြည့်ရှုပြီးတော့ ဆရာဝန်ရောက်အောင် ကျွန်တော်တို့ တာဝန်ခံပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။

**မူကြမ်း**

**ချောက်မြို့ရှိ(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် လင်းတကိုင်းတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းတို့အတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ အပြီးဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ ချောက်မြို့နယ်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချက်ရရှိထားတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များ အချိန်မီစနစ်တကျ သုံးစွဲဆောက်လုပ်ပြီးစီးရန် အစီအစဉ်အားသိလိုကြောင်း မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်း ခွင့်ပြုဘတ်ဂျက်ငွေရရာမှာ မလွယ်ကူကြောင်း ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး သိရှိပြီးဖြစ်ပါတယ်။ ခွင့်ပြုဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင်မလုပ်နိုင်သဖြင့် ခွင့်ပြုငွေများကို ပြန်လည်အပ်နှံရခြင်းနှင့် နောင်ဘဏ္ဍာရေးနှစ်မှာ အသုံးပြုရန် ခွင့်ပြုရန် တောင်းခံရခြင်းမှာ သတ်မှတ်ကာလအတွင်း ပြီးစီးစေရန်အခက်အခဲများ အမှန်တကယ်ရှိနေမှာဖြစ်သင့်ပါတယ်။ ဘတ်ဂျက်ရေးဆွဲခြင်း၊ ခွင့်ပြုငွေများသုံးစွဲခြင်းကိစ္စရပ်များမှာ ယခု တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ တွေ့ကြုံလုပ်ကိုင်ဆောင်ရွက်ရခြင်းမဟုတ်ပါ။ အောက်ခြေပြည်သူ့ဝန်ထမ်းများမှအထက်အဆင့်ဆင့် တာဝန်ရှိဝန်ထမ်းများအထိ နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်ခဲ့ပြီးအတွေ့အကြုံရှိဝန်ထမ်းများ ဖြစ်သည်ဟု ယူဆပါတယ်။ အဲဒါကို ဘာတွေခက်ခဲနေလို့ အချိန်မီပြီးစီးအောင်လုပ်လို့မရနိုင်တာလဲ။ ကြိုးနီစနစ်ကြောင့်လား သို့မဟုတ် မလုပ်ချင်ကြတာလား။ ပြည်သူတွေကိုယ်စား ပြည်သူကခန့်အပ်ထားတဲ့၊ တာဝန်ပေးထားတဲ့ ပြည်သူ့ဝန်ထမ်းများဖြစ်လို့ကြိုးစားပြီးဆောင်ရွက်ကြစေလိုပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၅-၁-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ခဲ့ပါတယ်။ ယခုဆိုလျှင် ဘတ်ဂျက်ကာလ (၁၂)လမှာ ရှစ်လခွဲကုန်ဆုံးပြီး သုံးလခွဲသာ ကျန်ပါတော့တယ်။ အဆောက်အဦ

**မူကြမ်း**

ဆောက်လုပ်ရန် တင်ဒါခေါ်တဲ့ပိတ်ရက်က နိုဝင်ဘာလကုန်လို့ သိရပါတယ်။ အချိန်မီပြီးပါ့မလား။ ယခင်စနစ်ဟောင်းပုံစံများအတိုင်း လုပ်မနေဘဲ ပြောင်းလဲချိန်တန်ပြီဖြစ်တဲ့အတွက် လုပ်ငန်းများ အချိန်မီစနစ်တကျပြီးစီးအောင် သတ်မှတ်ထားတဲ့ စည်းမျဉ်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက် ကြရန်လိုအပ်ပါတယ်။ လွန်ခဲ့တဲ့ နိုဝင်ဘာလက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက စေလွှတ်ခဲ့လို့ ကမ္ဘာမှာစီးပွားရေးအောင်မြင်တဲ့ နိုင်ငံတစ်နိုင်ငံကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း ခေါင်းဆောင်တဲ့အဖွဲ့နဲ့ရောက်ခဲ့ပါတယ်။ အဲဒီနိုင်ငံရဲ့ The National Assembly လွှတ်တော်မှာ ဘတ်ဂျက်ဌာန သီးသန့်ရှိပါတယ်။ ဘတ်ဂျက်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးတဲ့အခါ သူတို့ရဲ့နိုင်ငံမှာ ဘတ်ဂျက်ခွင့်ပြုငွေဥပဒေအတိုင်း ရငွေ၊ သွင်းငွေက အချိန်မီရရှိသုံးစွဲကြောင်းနှင့် အချိန်မီမသုံးစွဲနိုင်ပါက စိစစ်အရေးယူဆောင်ရွက်မှုများရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ မသုံးစွဲဖြစ်သော ငွေလုံးငွေရင်း ပြန်အပ်ငွေမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ စာရင်းများအရ ကျပ်သန်း ပေါင်း ၁၂၆၇ ဘီလီယံ ရှိကြောင်း သိရပါတယ်။ ပြန်အပ်ငွေများကြောင့် မူလအတည်ပြုထားတဲ့ လိုငွေပြဘတ်ဂျက် ကိန်းဂဏန်းများကို စာရင်းပြန်လည်ရေးဆွဲပြီး ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ပြမှုကို မတွေ့ရပါ။ World Bank, IMF, EU, Business Institute စတဲ့ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းတို့မှ တဆင့် ကောင်းမွန်သောဘတ်ဂျက်စနစ်များ ပေါ်ပေါက်စေရန် ညှိနှိုင်းဆောင်ရွက်နေကြပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုပါတယ်။ အမှန်တကယ်တော့ ဘတ်ဂျက်ငွေများ အချိန်မီစနစ်တကျ ရရှိသုံးစွဲခြင်းတို့မှာ မိမိတို့တိုင်းပြည်ရှိ ပြည်သူ့ဝန်ထမ်းများ၏ စိတ်ဓာတ်၊ ကြိုးစားမှု၊ စေတနာထားမှု အလွန်အရေးကြီးသလို အချို့တာဝန်ရှိခေါင်းဆောင်များမှလည်း အမှန်တကယ်မတတ်ကျွမ်းဘဲ ကိုယ် သိကိုယ်တတ်၊ သူများမတတ်ဟု လွဲမှားနေတဲ့စိတ်ဓာတ်များကို ရှောင်ရှားပြီး ကြိုးနီစနစ်ကို အသုံးမပြု ဘဲ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ တင်ဒါ အောင်မြင်တဲ့ကုမ္ပဏီများနှင့်ပူးပေါင်းပြီး ဘတ်ဂျက်ငွေများကို ထိထိရောက်ရောက် သုံးစွဲလိုပါတယ်။ ခွင့်ပြုဘတ်ဂျက်အတိုင်း ဆေးရုံများပြီးစီးအောင် ဆောင်ရွက်နိုင်ပါက ချောက်မြို့နယ်ရှိ ပြည်သူများ အခြားမြို့များသို့ သွားရောက်ကုသရန်မလိုဘဲ မိမိဒေသမှာ ကုန်ကျစရိတ်သက်သာပြီး ကျန်းမာရေး ကောင်းမွန်အောင် ကုသနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ရှိ ပြည်သူ့ ဆေးရုံ ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ဆေးရုံတိုးချဲ့လုပ်ငန်းအတွက် ကျပ်သိန်း ၃၀၀၀ နှင့်

လင်းတကိုင်းတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း ကျပ်သိန်း ၃၉၀၀ တို့အတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ စံချိန်စံညွှန်းနှင့်အညီ အပြီးဆောက်လုပ်နိုင်ရန် လုပ်ငန်းအစီအစဉ်များ သိလိုကြောင်း ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး မေးခွန်းအား ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသောအချက်များသည် အလွန်မှန်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအတွက်လည်း ဒီကိစ္စသည်အလွန်အရေးကြီးပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ၂၅ ခုတင်အား ခုတင် ၅၀ ဆံ့အဖြစ် အဆင့်မြှင့်ရန်အတွက် နှစ်ထပ်တိုးချဲ့ဆောင် ၁၅၀ ပေ x ၅၆ ပေဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန်ဆောင်ရွက်ခြင်း လုပ်ငန်းအား စီမံကိန်းတန်ဖိုးကျပ်သန်း ၄၂၀ လျာထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၀ ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ပါတယ်။ ကျန်လိုအပ်ငွေကျပ်သန်း ၁၂၀ အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးလည်းဖြစ်ပါတယ်။

ချောက်မြို့နယ်၊ လင်းတကိုင်းတိုက်နယ်ဆေးရုံ စံကိုက်ဆောင်လုပ်ခြင်းလုပ်ငန်းအား စီမံကိန်းတန်ဖိုးကျပ်သန်း ၆၅၀ လျာထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၉၀ ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ပါတယ်။ ထပ်မံ၍ ကျပ်သန်း ၂၅၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။အဆိုပါလုပ်ငန်းနှစ်ခုသည် ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ရမည့် နှစ်ဆက်လုပ်ငန်းများဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၃၁-၃-၂၀၁၆ ရက်စွဲပါစာအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ပါသဖြင့် မသုံးစွဲလျှင်မဖြစ်သည့် လစာ၊ စရိတ်စသည့် သာမန်အသုံးစရိတ်များကိုသာ သုံးစွဲရန်ညွှန်ကြားပြီး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဘတ်ဂျက်ကို ၁-၉-၂၀၁၆ ရက်စွဲမှ ကျွန်တော်တို့က ဘတ်ဂျက်ကို အတည်ပြုရရှိပြီး သုံးစွဲခွင့်ရပါတယ်။ ကုသရေးဦးစီးဌာနမှလည်း ၁၆-၉-၂၀၁၆ ရက်စွဲပါစာဖြင့် မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ ချက်ချင်းရန်ပုံငွေ တစ်ပတ်လောက်အတွင်း ခွဲဝေချထား လိုက်ပါတယ်။

ယခုအခါ လုပ်ငန်းများအား မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တင်ဒါခေါ်ယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရွေးချယ်လျက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ပထမအပတ်တွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တွင်ပါဝင်သောရန်ပုံငွေအရ ချောက်မြို့နယ်ပြည်သူ့ဆေးရုံနှစ်ထပ် တိုးချဲ့ဆောက်လုပ်ခြင်းမှာ လုပ်ငန်းတစ်ခုလုံး၏ ၇၁.၄၂ ရာခိုင်နှုန်းပြီးစီးရမည်ဖြစ်ပြီး လင်းတကိုင်းတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်းလုပ်ငန်းမှာ ၆၀ ရာခိုင်နှုန်းပြီးစီးရမည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများ၏ ပါဝင်သော ရန်ပုံငွေနှင့် ကိုက်ညီသောပြီးစီးမှုကို ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အကယ်၍ မပြီးစီးပါက ပိုလျှံရန်ပုံငွေကိုလည်း ပြန်လည်အပ်ရမည် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာ တင်ပြချင်တာကတော့ ကျွန်တော်တို့အနေနဲ့က ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကို အချိန်ပေးပြီးလုပ်ရမယ့် နေရာမှာ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့လုပ်ရတယ်။ လုပ်ရတဲ့အခါမှာ ဆောက်လုပ်ရေးလုပ်ငန်းများသည်လည်း ပြဿနာဖြစ်နိုင်တဲ့အတွက်ကြောင့် အချိန်ကို ကျွန်တော်တို့ သေသေချာချာပေးပြီး သေသေချာချာလုပ်ပါတယ်။ အကယ်၍သာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ပြီးစီးမှု ရာခိုင်နှုန်းကို အခြေခံပြီး ငွေပေးချေရမည့်စနစ်မဟုတ်ဘဲ ဘဏ္ဍာနှစ်ကုန်ပြီး ၃ လ သို့မဟုတ် ၆ လ ခန့်ပိုလျှံငွေအား ပြန်လည်အပ်နှံခြင်းမပြုဘဲ သက်တမ်းတိုးပေးမည်ဆိုပါက ကျွန်တော်တို့ ဆေးရုံ ဆောက်ခြင်းလုပ်ငန်း၊ အဆင့်မြှင့်ခြင်းလုပ်ငန်းအားလုံးများသည် အချိန်မီပြီးစီး၍ ပိုမိုအဆင်ပြေလာနိုင် မည်ဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးဟာ ဒီနေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးကို ၁၆-၁၁-၂၀၁၆ ရက်နေ့က စတင်ကျင်းပခဲ့တာ ဒီနေ့ဆိုရင် (၁၉)ရက်တိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်းမှာ ကြယ်ပွင့်ပြမေးခွန်း ၁၁၇ ခု မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆိုများအနေနဲ့ အရေးကြီးအဆိုတစ်ခုအပါအဝင် အဆို စုစုပေါင်း ၁၀ ခု တင်သွင်းနိုင်ခဲ့ပြီး မှတ်တမ်းတင်အဆို ခြောက်ခု၊ ဆက်လက်ဆွေးနွေးရန် ကျန်ရှိအဆိုလေးခုတို့ဖြစ်ပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းငါးခုအပါအဝင် ဆွေးနွေးခဲ့တဲ့ဥပဒေကြမ်း ၁၇ ခုရှိပြီး အတည်ပြုနိုင်ခဲ့တဲ့ဥပဒေကြမ်း ခုနစ်ခုဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရန်အတွက် ဥပဒေကြမ်း ၁၀ ခုကျန်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကော်မတီ ၁၉ ခုရဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များ၊ သင်တန်းများနဲ့ပတ်သက်ပြီး လွှတ်တော်တွင်း ဆွေးနွေးဆောင်ရွက်ခဲ့မှုများအနေနဲ့ ပြည်တွင်းဧည့်သည် ဦးရေ ၁၂၅၁ ဦး၊ ပြည်ပဧည့်သည်ဦးရေ ၁၂၁ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း ၃၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော်ပြင်ပတွေ့ဆုံဆွေးနွေးနိုင်ခဲ့မှုအနေနဲ့ ပြည်တွင်းဧည့်သည်ဦးရေ ၃၁၃၁ ဦး၊ ပြည်ပဧည့်သည်ဦးရေ ၃၂၂ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း ၄၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လေ့လာရေးခရီးအပါအဝင် ပြည်ပသို့သွားရောက်တွေ့ဆုံဆွေးနွေးနိုင်မှုအနေနဲ့ ၁၄ ကြိမ်ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးနဲ့ ပြည်ပဧည့်သည် ၇၃၄ ဦးတို့ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများကို ကိုယ်စားလှယ်အားလုံးက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတဲ့အတွက် အခုလို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ပြည်သူအတွက် မိမိအပါအဝင် ကိုယ်စားလှယ်များ ဆက်လက်ထမ်းဆောင်ကြရမယ့်တာဝန်တွေ များစွာကျန်ရှိနေပါသေးတယ်။ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတွေမထားရှိဘဲ ပြည်သူ့အကျိုးအတွက် အလေးထားဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။ ကိုယ်စားလှယ်များက မေးမြန်းတဲ့မေးခွန်းတွေ၊ တင်သွင်းတဲ့အဆိုတွေဟာ စိတ်ကောင်းစေတနာကောင်းနဲ့ ပြည်သူ့အကျိုးကို

ရှေးရှုဆောင်ရွက်ကြတာဆိုပေမဲ့ ဥက္ကဋ္ဌအနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ရခြင်းတွေရှိခဲ့ပါ တယ်။ နိုင်ငံတော်နှင့် ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရန် ရည်ရွယ်ခြင်းကို နားလည်ပေးကြစေ လိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရဲ့အဓိကလုပ်ငန်းတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်တဲ့အခါမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းရှိ/မရှိ သတိပြုဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများ ဟာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းရှိ/မရှိနှင့် ပြည်သူလူထုက လိုက်နာ စောင့်ထိန်းနိုင်ခြင်းရှိ/မရှိတို့ကိုလည်း အလေးအနက်ထား စဉ်းစားကြရမှာဖြစ်ပါတယ်။ ပြည်သူတွေ လိုက်နာနိုင်တဲ့ (Law abiding) များဖြစ်မှသာ တရားဥပဒေစိုးမိုးရေး ရရှိနိုင်မှာဖြစ်ပါတယ်။ တရား ဥပဒေစိုးမိုးရေးရှိမှသာ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တွေမှာ Accountability ဆိုတဲ့ တာဝန်ခံမှု၊ Responsibility ဆိုတဲ့ တာဝန်ယူမှုများရှိလာမှာ ဖြစ်ပါတယ်။ တာဝန်ခံမှု၊ တာဝန်ယူမှုဆိုတဲ့ ဒီမိုကရက်တစ်ယဉ်ကျေးမှု ဖော်ဆောင်နိုင်မည်ဆိုမှသာ မိမိတို့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်နိုင်မယ် ဆိုတာ သတိပြုကြစေလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ပြည်သူက ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ အရည်အချင်းပြည့်ဝတဲ့ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ဆောက်ကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားကို စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင် ဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ထောင်နိုင်အောင် ကြိုးပမ်း အားထုတ်ပေးကြပါ။ ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထားပြီး ဒီမိုကရေစီခရီးလမ်းမှာ ဆူးငြောင့်ခလုတ် တွေတွေ့ရင်လည်း ဝိုင်းဝန်းဖယ်ရှားပေးကြပါ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး အတွက် အဖျက်အမှောက်လုပ်ငန်းများရှိရင် ပူးပေါင်းဖော်ထုတ်ပေးကြပါ။ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်လည်း စွမ်းဆောင်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။ ဆက်လက်ကျင်းပမယ့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရွှင်လန်းတက်ကြွစွာဖြင့် ပြန်လည် ဆုံတွေ့နိုင်ကြပါစေ။ မကြာမီရောက်ရှိတော့မယ့် နှစ်သစ်အခါသမယမှာလည်း အားလုံးကျန်းမာ

ချမ်းသာပါစေ၊ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်